ဇန္နဝါရီ (၉)

## ယုံကြည်ခြင်းနှင့် နာခံခြင်း အရင်လာပြီးနောက် ဘုရားရှင်က ဆုတောင်းကို အဖြေပေးသည်။

**သူ**၏ နှုတ်ကပတ်တော်တလျှောက်လုံးတွင် သူတို့၏ဆုတောင်းများကို သူအဖြေမပေးမီ ရှေးဦးစွာ တစ်စုံတစ်ရာပြုလုပ်ဖို့ ဘုရားသခင်က လူတို့အား မိန့်မှာထားခဲ့သည်။ ဘုရားရှင်က မောရှေအား ကျောက်ကိုရိုက်ပြီးနောက်မှ သူက ရေကိုထွက်စေခဲ့သည်။ (ထွက် ၁၇း၆) သခင်ယေရှုက လာဇရုကို သေခြင်းမှ ရှင်ပြန်ထမြောက်စေခြင်းမပြုမီ ဝမ်းနည်းပူဆွေးလျက်ရှိသောသူတို့အား ရှေးဦးစွာလာဇရု၏ဂူဝကို ပိတ်ဆို့ထားသည့်ကျောက်ကို ဖယ်ခိုင်းခဲ့သည်။ ထို့နောက်မှ လာဇရုအား ပြန်လည် အသက်ရှင်စေခဲ့သည်။ (ယော ၁၁း ၃၉–၄၄) မျက်စိကန်းသောသူအား သခင်ယေရှုက ရှိလောင်ကန်၌ မျက်စိကိုဆေးရန် (ယော ၉း၁–၇)နှင့် နူနာစွဲသောသူ ၁၀ဦးတို့အား ယဇ်ပရောဟိတ် ထံသွားရောက်ပြသရန် စေခိုင်းခဲ့သည်။ (လုကာ ၁၇း ၁၂–၁၄) သူတို့က ၎င်းတို့၏ယုံကြည်ခြင်းကို နာခံခြင်းဖြင့် ပြသခဲ့ပြီးနောက်တွင် ဘုရားသခင်က ထူးဆန်းအံ့သြဖွယ်ရာအမှုကို ပြုခဲ့သည်။

"မျက်မှောက်မမြင်ဘဲ ယုံကြည်မျှော်လင့်ခြင်းရှိသည်အတိုင်း ငါတို့သည် ကျင့်ဆောင်ပြုမူသည်ဖြစ်၍" (၂ကော ၅း၇) ဟုဆိုထားရာ ဘုရားသခင်သည် မိမိတို့၏ ယုံကြည်ခြင်းအား စမ်းသပ်ရခြင်းကို ကြိုက်နှစ်သက်သည်။ မိမိတို့အနေနှင့် မည်မျှအမှန်တကယ် ယုံကြည်ကြောင်းကို သူမြင်လိုပြီး မိမိတို့အနေနှင့်သူပြောဆိုပြသထားပြီးဖြစ်သည့် အရာတို့ကို မနာခံမချင်း မကြာခဏဆိုသကဲ့သို့သူသည် မိမိတို့၏ဆုတောင်းများအား အဖြေမပေးခြင်း သို့မဟုတ် သူမည်သည့်အရပ်သို့ ခေါ်ဆောင်သွားနေကြောင်းကို မိမိတို့အား မြင်ခွင့်မပေးခြင်းကို ပြုလေ့ရှိသည်။ ကြိမ်ဖန်များစွာ မိမိတို့ခြေချရမည့်မြေပြင်ကို မမြင်ရသည့်တိုင် မိမိတို့အနေနှင့် ယုံကြည်ခြင်းဖြင့်သာ ထွက်လှမ်းကြရသည်။ သူ၏ ကောင်းချီးမင်္ဂလာကို ခံယူရရှိဖို့ကို ပထမဆုံးခြေလှမ်းကို ယုံကြည်ခြင်းဖြင့်လှမ်းရမည်ဖြစ်ရာ ထိုပထမဆုံးသောခြေလှမ်းကို မိမိတို့လှမ်းပြီး ယင်းကဘုရားသခင်၏ အလိုတော်ဖြစ်လျှင် လူသားအနေဖြင့် မဖြစ်နိုင်သောအရာကိုသူလုပ်ဆောင်လိမ့်မည်။ မိမိတို့သည် ခြေတစ်လှမ်းခြင်း သူ့နောက်တော်မှလိုက်နေစဉ် သူသည် မိမိတို့ကို ဦးဆောင်လမ်းပြပြီး စောင့်ရှောက်လျက်မိမိတို့၏ ဆုတောင်းများကို ပိုမိုအဖြေပေးခြင်းအားဖြင့် မိမိတို့ယုံကြည်ခြင်းကို ဆုချပေလိမ့်မည်။